# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၆ – ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၆–၂၀၁၇ ခု ၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ

( ၂၀၁၆ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅ ။ )

၁၃၇၈ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ လ ၂၇ ရက် )

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

### အမည်နှင့်စတင်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၆–၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟုခေါ်တွင် စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၆–၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း (၂)

### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း

၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊စည်ပင်သာယာရေးအဖွဲ့များနှင့် စပ်လျဉ်း၍ ဇယား(၁) နှင့် (၂)တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၆ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် ၂၀၁၆ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း အပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၆ ခုနှစ် ၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ၂၀၁၆ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး ၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)

ဝန်ကြီးချုပ်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊တိုင်းဒေသကြီးဥပဒေချုပ်၊တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ကို ပြင်ဆင်သည့်ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | | ဗဟိုအဖွဲ့အစည်းများ | | ၉၁၄ . ၀၀၅ | | | ၂၁၅၁၀ . ၇၉၄ | | | ၁၃၄၀၀၀ . ၀၀၀ |
| | | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၉၉ . ၀၆၀ | | | ၂၁၂၉၁ . ၀၁၅ | | | ၁၃၄၀၀၀ . ၀၀၀ |
| | | ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၁၅ . ၀၁၇ | | | ၇၇ . ၀၀၀ | | | |
| | | ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | | ၁၃၉ . ၇၂၀ | | | |
| | | ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | | ၃ . ၀၅၉ | | | |
| | | | ပေါင်း | | ၉၁၄ . ၀၀၅ | | | ၂၁၅၁၀ . ၇၉၄ | | | ၁၃၄၀၀၀ . ၀၀၀ |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ယေား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ကိုပြင်ဆင်သည့်ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် | ၄၇၉ . ၃၁၀ | | | ၁၇၁ . ၁၀၅ | | | |
| | | ၁ | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | သို့မဟုတ် | ၄၇၉ . ၃၁၀ | | | ၁၂၀ . ၄၅၀ | | | |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၁ . ၀၃၀ | | | |
| | | ၃ | မီးသတ်ဦးစီးဌာန | | | | | ၄၉ . ၇၀၅ | | | |
| ၂ | | | ပြန်ကြားရေး | ၄င်း | ၁၆ . ၅၅၅ | | | | | | |
| | | | မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | | ၁၆ . ၅၅၅ | | | | | | |
| ၃ | ၂ | | စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၄င်း | ၇ . ၇၇၃ | | | ၁၀ . ၀၀၀ | | | |
| | | ၂ | ဝါးလုပ်ငန်းဦးစီးဌာန | | ၇ . ၇၇၃ | | | ၁၀ . ၀၀၀ | | | |
| ၄ | ၃ | | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၄င်း | ၂ . ၄၀၉ | | | ၇ . ၉၇၉ | | | |
| | | ၁ | သစ်တောဦးစီးဌာန | | | | | ၂ . ၉၃၄ | | | |
| | | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | ၅ . ၀၄၅ | | | |
| | | ၃ | သတ္တုတွင်းဦးစီးဌာန | | ၂ . ၄၀၉ | | | | | | |
| ၅ | ၄ | | ကျန်းမာရေးနှင့်အားကစား | ၄င်း | | | | ၆၀ . ၉၄၀ | | | |
| | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | | ၆၀ . ၉၄၀ | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)၊ ၊အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ကိုပြင်ဆင်သည့်ဥပဒေပါအမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၆ | ၅ | | စီမံကိန်းနှင့်ဘဏ္ဍာရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် | | | | ၇၅·၂၄၂ | | | |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၇၅·၂၄၂ | | | |
| ၇ | ၆ | | ဆောက်လုပ်ရေး | ၄င်း | ၇၇၆·၉၆၄ | | | ၂၀၂၀·၂၁၀ | | | |
| | | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၁၅·၁၀၄ | | | |
| | | ၂ | လမ်းဦးစီးဌာန | | ၇၇၆·၉၆၄ | | | ၂၀၀၅·၁၁၄ | | | |
| ၈ | ၇ | | တိုင်းဒေသကြီးကုန်တင်ကုန်ချ တော်မတီရုံး | ၄င်း | | | | ၂၀·၀၀၀ | | | |
| ၉ | ၈ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၄င်း | ၂၀၉၈·၄၅၅ | | | | | | ၅၀၀၀·၀၀၀ |
| ၁၀ | ၉ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | | | | ၁၆၅၂·၀၀၀ | | | |
| | | | ပေါင်း | | ၂၉၀၁·၄၇၄ | | | ၇၉၈၅·၅၇၂ | | | ၅၀၀၀·၀၀၀ |